筑波大学
University of Tsukuba

TOP GLOBAL UNIVERSITY JAPAN

# Japan Expert Program

ဂျပန်နိုင်ငံတွင် ပညာသင်ယူလိုသော ပညာတော်သင်ကျောင်းသားများကို ပြုစုပျိုးထောင်ပေးရန်အတွက် စီစဉ်ရေးဆွဲထားသော ဒီဂရီဘွဲ့သင်ရိုးညွှန်းတမ်း ပရိုဂရမ်

## ကျောင်းသားသစ်များခေါ်ယူခြင်း



ဂျပန်နိုင်ငံတွင်အလုပ်လုပ်ချင်စိတ်ရှိပြီး ဂျပန်နိုင်ငံနှင့်ဆက်စပ်သည့် အလုပ်အမျိုးအစားများကို လုပ်ကိုင်ချင်သည့် ပညာတော်သင် ကျောင်းသားများအတွက် ဆုခုဘတက္ကသိုလ်မှ ဂျပန်ဘာသာစကားနှင့် သက်ဆိုင်ရာ အထူးပြုဘာသာရပ်နယ်ပယ်များ၏ ပညာရေးကို သင်ကြားပို့ချမည့် Japan – Expert (ဒီဂရီ ဘွဲ့) ပရိုဂရမ် (လေးနှစ်) ကို တည်ထောင်ခဲ့ပါသည်။
နောင်အနာဂတ်ကာလတွင် ဂျပန်နိုင်ငံနှင့် သင်တို့၏တိုင်းပြည်ကို ပေါင်းကူးဆက်သွယ်ပေးမည့် သက်ဆိုင်ရာဘာသာရပ်အလိုက် အထူးကျွမ်းကျင်သူများကို ပြုစုပျိုးထောင်ပေးရန်အတွက် တည်ထောင်ထားသော ပရိုဂရမ်ဖြစ်ပါသည်။



## ဂျပန်နိုင်ငံကို နှစ်သက်သဘောကျသော ဂျပန်နိုင်ငံတွင် ပညာသင်ယူချင်သော အလုပ်လုပ်ချင်သောသူ

### -အထူးကျွမ်းကျင်သူတစ်ယောက်ဖြစ်ရန် ပံ့ပိုးထောက်ပံ့ပေးမည့် သင်ရိုး ၄ မျိုး-

တက္ကသိုလ်ဝင်ပြီးနောက် နှစ်ဝက်ခန့် ဂျပန်ဘာသာကို အဓိကထား သင်ယူရမည်။

ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N3, N2 အဆင့်ကို ဝင်ရောက်ဖြေဆိုနိုင်မည်။

### စိုက်ပျိုးရေးပညာရှင်ဖြစ်လေ့ကျင့်ရေးသင်ရိုး

ရရှိမည့်ဘွဲ့။ ။ ဒီဂရီဘွဲ့ (စိုက်ပျိုးရေးပညာ)



- စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့်ပတ်သက်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိပညာဗဟုသုတများကို အကျွမ်းတဝင် သိရှိလာစေမည်။

**(အလုပ်ဝင်နိုင်မည့်နေရာ/ ကျောင်းဆက်တက်ရောက်နိုင်မည့်နေရာ)**

စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်းနယ်ပယ်များတွင် သုတေသနပညာရှင်၊ နည်းပညာရှင်၊ ဂျပန်နိုင်ငံပြည်တွင်းနှင့် ဂျပန်နိုင်ငံပြင်ပ နိုင်ငံခြားတိုင်းပြည်များတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများလုပ်ကိုင်နိုင်ခြင်းနှင့် ဦးဆောင်သူဖြစ်နိုင်ခြင်း၊ ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်နေသည့်လုပ်ငန်းများ
တက္ကသိုလ်များတွင် ဘွဲ့လွန် ဆက်တက်နိုင်ခြင်း စသည်

### ကျန်းမာရေးပြုစုစောင့်ရှောက်မှုသင်ရိုး

ရရှိမည့်ဘွဲ့။ ။ ဒီဂရီဘွဲ့ (ကျန်းမာရေးပြုစုစောင့်ရှောက်မှုပညာ)



- ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းနယ်ပယ်၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိပညာဗဟုသုတများကို အကျွမ်းတဝင်သိရှိလာစေမည်။

**(အလုပ်ဝင်နိုင်မည့်နေရာ/ ကျောင်းဆက်တက်ရောက်နိုင်မည့်နေရာ)**

ကျန်းမာရေးပြုစုစောင့်ရှောက်မှုနယ်ပယ်၏ မူဝါဒချမှတ်ရေးတာဝန်ခံ၊ စီမံခန့်ခွဲကြီးကြပ်သူ၊ သုတေသနပညာရှင်၊ ကျောင်းဆရာ၊ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုနှင့် ပတ်သက်ဆက်စပ်သော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သော နည်းပညာရှင်
တက္ကသိုလ်များတွင် ဘွဲ့လွန်ဆက်တက်နိုင်ခြင်း စသည်

### ဂျပန်အနုပညာသင်ရိုး

ရရှိမည့်ဘွဲ့။ ။ ဒီဂရီဘွဲ့ (အနုပညာ)



- ဂျပန်နိုင်ငံ၏ရိုးရာအနုပညာများကို ကျယ်ပြန့်ထွန်းကားလာစေမည့် ဆရာများ နှင့် အနုပညာရှင်များ၊ ဒီဇိုင်နာများ၊ အနုပညာနှင့်ပတ်သက်သည့် အထူးကျွမ်းကျင်သူများ ပေါ်ထွက်လာစေရန်အတွက် ပြုစုပျိုးထောင် ပေးပါမည်။

**(အလုပ်ဝင်နိုင်မည့်နေရာ/ ကျောင်းဆက်တက်ရောက်နိုင်မည့်နေရာ)**

အနုပညာကျောင်းဆရာ၊ အနုပညာရှင်၊ ဒီဇိုင်နာ၊ စီးပွားရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့များ၊ တက္ကသိုလ်ကျောင်းဆရာ၊ ပြတိုက်မှူး၊ သုတေသနဝန်ထမ်း
တက္ကသိုလ်များတွင် ဘွဲ့လွန်ဆက်တက် နိုင်ခြင်း စသည်

### ဂျပန်ဘာသာဆရာဖြစ်လေ့ကျင့်ရေးသင်ရိုး

ရရှိမည့်ဘွဲ့။ ။ တက္ကသိုလ်ဘွဲ့(ဂျပန်ဘာသာပညာရေး)



- ဂျပန်ဘာသာအား လက်တွေ့အသုံးချနိုင်မည့် အရည်အချင်းကို မြင့်တက်လာစေမည်။ ထို့အပြင် ထိုအရည်အချင်းကို ထပ်မံပံ့ပိုးပေးမည့် ဂျပန်ဘာသာ၊ ဂျပန်ယဉ်ကျေးမှုတို့အား လေးလေးနက်နက် နားလည် သဘောပေါက် လာစေမည်။
- နိုင်ငံခြားသားများ အတွက် သင်ကြားပို့ချနိုင်သော ဂျပန်ဘာသာဆရာဖြစ်စေရန် သင်ကြား လေ့ကျင့်ပေးခြင်း

**(အလုပ်ဝင်နိုင်မည့်နေရာ/ ကျောင်းဆက်တက်ရောက်နိုင်မည့်နေရာ)**

ဂျပန်ဘာသာဆရာဖြစ်ရန်လေ့ကျင့်ပေးသည့် ဦးဆောင်သူ၊ ကျောင်းဆရာ၊ စီးပွားရေးလုပ်ငန်းများ၊ ဂျပန်နိုင်ငံပြင်ပတွင် ရှိသော ဂျပန်ဘာသာသင်ကျောင်းများ
တက္ကသိုလ်များတွင် ဘွဲ့လွန်ဆက်တက်နိုင်ခြင်း စသည်

### တက္ကသိုလ်ဝင်ခွင့်လျှောက်ထားခြင်းအစီအစဉ်

လျှောက်လွှာတင်ရမည့်ကာလ / March 1 - 24 , 2023
★ဝက်ဘ်ဆိုက်စာမျက်နှာတွင်လျှောက်လွှာတင်ရန်
တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ / May 8 - 12 , 2023
တက္ကသိုလ်တက်ရောက်ရမည့်နေ့ / October 1 , 2023

★အသေးစိတ်အချက်အလက်များကို ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖတ်ရှုလေ့လာပါ။

https://jp-ex.tsukuba.ac.jp/

ဆက်သွယ်ရန်လိပ်စာ/ ဆုခုဘတက္ကသိုလ် Japan-Expert ပရိုဂရမ်ရုံးခန်း

jp-expert@un.tsukuba.ac.jp

2023.01.01